# ခေတ်သစ်ပြဇာတ်များမှ
# ဇာတ်ဆောင်ပန်တီးမှုအတတ်ပညာ
# (၁၉၄၈–၁၉၇၀)

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မစိုးဥမ္မာ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇွန်လ

# ကျမ်းအကျဉ်းချုပ်

ကျမ်းအမည်မှာ ခေတ်သစ်ပြဇာတ်များမှ ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာ (၁၉၄၈–၁၉၇၀) ဖြစ်သည်။ ဤကျမ်းသည် ၁၉၄၈–၁၉၇၀ အတွင်း ခေတ်သစ်ပြဇာတ်များ၏ ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာကို လေ့လာသောကျမ်းဖြစ်သည်။ ဤကျမ်း၏ရည်ရွယ်ချက်မှာ ခေတ်သစ်ပြဇာတ် စာဆိုတို့၏ ဇာတ်ဆောင်ဖန်တီးမှုအတတ်ပညာများကို ဖော်ထုတ်လေ့လာရန် ရည်ရွယ်ပါသည်။ ဤကျမ်းတွင် ၁၉၄၈ခုနှစ်မှ ၁၉၇၀ ခုနှစ်အတွင်း ပေါ်ပေါက်သော ခေတ်သစ်ပြဇာတ်များကိုသာ လေ့လာမှုနယ်ပယ်အဖြစ် သတ်မှတ်ပါသည်။ ထိုကာလအတွင်း ပေါ်ပေါက်ခဲ့သော ပြဇာတ်များမှ ပြဇာတ်တစ်ခုချင်းစီကို ပြဇာတ်ဆိုင်ရာ စာပေအယူအဆများ၊ လမ်းညွှန်မှုများ၊ ဇာတ်ဆောင် လေ့လာမှုဆိုင်ရာ နည်းစနစ်များကို အခြေခံပြီး ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာများနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာ ပိုင်းဆိုင်ရာရှုထောင့်မှ လေ့လာစိစစ်ခဲ့ပါသည်။ ခေတ်သစ်ပြဇာတ်စာဆိုတို့သည် ခေတ်နှင့် လျော်ညီအောင် ဇာတ်ဆောင်များကို ဖန်တီးခဲ့ကြသည်။ ထိုသို့ ဖန်တီးရာ၌ ဇာတ်ဆောင်ပြောစကားဖြင့် လည်းကောင်း၊ ဇာတ်ညွှန်းစကားများ ဖြင့်လည်းကောင်းဖန်တီးခဲ့ကြသည်။ ဇာတ်ဆောင်ပြော စကားဖြင့် ဖန်တီးရာ၌ ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့်လည်းကောင်း၊ အခြားဇာတ်ဆောင် များ၏ ပြောစကားများဖြင့်လည်းကောင်း ဇာတ်ဆောင်၏ ကံသုံးပါး အမူအရာကို ပေါ်လွင်အောင် ဖန်တီးခဲ့ကြပါသည်။ ခေတ်သစ်ပြဇာတ်များ၏ ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာကို စနစ်တကျ သုတေသန ပြုခြင်းဖြင့် ပြဇာတ်စာပေဆိုင်ရာ အနုပညာအရည်အသွေးကို သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ခေတ်သစ်ပြဇာတ်များရှိ စာပေအဆင့်အတန်းကိုလည်း ဝေဖန်နိုင်မည်။ ခေတ်ပြိုင် ပြဇာတ်ဆရာတို့၏ ဇာတ်ဆောင်ဖန် တီးမှု အတတ်ပညာကိုလည်း နှိုင်းယှဉ်လေ့လာခွင့် ရနိုင်ပါသည်။